ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံစာရင်းကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ( ၁၉ / ၂၀၁၈)

၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၈ခုနှစ်၊ဇူလိုင်လ ၄ ရက်)

**အသေးစားနှင့်အလယ်အလတ်စားလုပ်ငန်းများဆိုင်ရာနိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ၁၇၊ ပုဒ်မခွဲ(ဃ) တွင် ဖော်ပြထားသည့်လုပ်ပိုင်ခွင့်နှင့်တာဝန်များအရ ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်ကြေညာလိုက်သည်။

၂။ အသေးစားနှင့်အလယ်အလတ်စားလုပ်ငန်းများဆိုသည်မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၄ - ၇ - ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၈/၂၀၁၈ အပိုဒ် (၃) တွင် ဖော်ပြထားသော အများပြည်သူ့ အကျိုးစီးပွားနှင့်သက်ဆိုင်သည့်လုပ်ငန်းအဖွဲ့အစည်းများ (Public Interest Entities) မဟုတ်သည့် အဖွဲ့အစည်းများကိုဆိုလိုသည်။

၃။ အထက်အပိုဒ် ၂ ပါ အဖွဲ့အစည်းများသည် ဘဏ္ဍာရေးအစီရင်ခံတင်ပြရာတွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards- IFRS®) ကိုလိုက်နာကျင့်သုံးလိုပါက လိုက်နာကျင့်သုံးနိုင်သည်။ လိုက်နာကျင့်သုံးခြင်းမပြုပါက အသေးစားနှင့် အလယ်အလတ်စားလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (IFRS® for SMEs - Small and Medium Sized Entities ) နှင့်အညီ လိုက်နာကျင့်သုံးနိုင်သည်။

၄။ အသေးစားနှင့် အလယ်အလတ်စားလုပ်ငန်းများဆိုင်ရာနိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများနှင့်ပတ်သက်၍ နိုင်ငံတကာစာရင်းစံအဖွဲ့ (IASB) က အခါအားလျော်စွာပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းများကိုအချိန်နှင့်တပြေးညီ၊ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ဤအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များအတိုင်းလိုက်နာဆောင်ရွက်မှုအခြေအနေကိုစောင့်ကြည့်စိစစ်သုံးသပ်ရန်နှင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များကိုဆောင်ရွက်ရန် မြန်မာနိုင်ငံစာရင်းကောင်စီ

ဥပဒေပုဒ်မ ၂၀ (က)(၄)အရ ဖွဲ့စည်းထားသောစာရင်းဆိုင်ရာစံများကော်မတီနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၀ (က) (၆) အရဖွဲ့စည်းထားသောစာရင်းကိုင်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီကတာဝန်ယူရမည်။

၆။ ဤအမိန့်ကြော်ငြာစာပါပြဌာန်းချက်များသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ရေးဆွဲသောဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်းများနှင့် အကျုံးဝင်သက်ရောက်စေရမည်။ ယင်းကဲ့သို့ လိုက်နာဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ထက် စောလျင်စွာကျင့်သုံးနိုင်ပါသည်။

၇။ မြန်မာနိုင်ငံစာရင်းကောင်စီက ၄-၁၁-၂၀၀၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၉ ဖြင့်ပြဌာန်းထားသည့် Myanmar Financial Reporting Standards for Small and Medium -sized Entities (SMEs) ကို ဤအမိန့်ကြော်ငြာစာအကျုံးဝင်သက်ရောက်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

အမိန့်အရ

ခင်စန်းဦး

အတွင်းရေးမှူး

စာအမှတ်၊ မစက/၁၀၀/( ၆၁၆ /၂၀၁၈)

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ဥက္ကဋ္ဌအာမခံလုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း(၂)တွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
အမိန့်ကြော်ငြာစာစာတွဲ

အမိန့်အရ

ခင်ပြုံးရီ
ညွှန်ကြားရေးမှူး